လောင်စာဆီဈေးတိုးမြှင့်လိုက်သည့်အပေါ်မကျေနပ်၍ ပြည်သူဘက်မှရပ်တည်၍
စစ်အာဏာရှင်များအား အကြောက်တရားကင်းမဲ့စွာဖြင့် ၈၈ မျိုးဆက်ကျောင်းများအုပ်စု မှ
ခေါင်းဆောင်၍ ငြိမ်းချမ်းစွာလမ်းလျှောက်ကာဆန္ဒပြသခဲ့ကြပါသည်။
ထိုကဲ့သို့ငြိမ်းချမ်းစွာလမ်းလျှောက်ခဲ့ခြင်းကို စစ်အစိုးရမှ ၈၈ကျောင်းသားခေါင်းဆောင်များအား
အမျိုးသားညီလာခံကို ပျက်ဆီးရန်အားထုတ်သည်ဟုပုဒ်မတပ်ကာ ဥပဒေမဲ့ဖမ်းဆီးခဲ့ပါသည်။
ထိုသို့ဖမ်းဆီးခြင်းခံရသူများတွင် ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမြအေး
တစ်ယောက်အပါအဝင်ဖြစ်ပါသည်။

ကျောင်းသားခေါင်းဆောင်များမှာ စစ်အာဏာရှင်များ၏ စစ်ကြောရေးငရဲစခန်းများတွင်
နည်းလမ်းပေါင်းဆုံဖြင့် ညှင်းပမ်းနှိပ်ဆက်ခံကြရပါသည်။ ယခုနောက်ဆုံး ရရှိသောသတင်းများအရ
ကိုမင်းကိုနိုင်အပါအဝင်ကျောင်းသားခေါင်းဆောင်တော်တော် များများမှာ စစ်အာဏာရှင်များ၏
ညှင်းပမ်းနှိပ်ဆက်မှုကြောင့် ထောင်ဆေးရုံသို့ရောက်နေသည်ဟုသိရပါသည်။ ၄င်းတို့တွင်
ကိုမြအေးတစ်ယောက်လည်းအပါအဝင်ဖြစ်သည်ဟုသိရပါသည်။ အစ္စလာမ်ဘာသာဝင်
တစ်ယောက်ဖြစ်သော ကိုမြအေးမှာ စစ်ကြောရေးစခန်းတွင်နည်းပေါင်းစုံဖြင့်
ညှင်းပမ်းနှိပ်ဆက်ခြင်းခံရသည့်အပြင် စစ်အာဏာရှင်များ၏ လက်ပါးစေများမှ “ ဟေ့ကောင်ကုလား
မင်းဒီတသက် ထောင်က အရှင်ထွက်ထွက်ဖို့မရှိဘူး ” စသည့် လူမျိုးရေး၊ဘာသာရေး
နှိမ်ချ၊ခွဲခြားသည့်ယုတ်ယင်းကြမ်းတမ်းသည့် စကားများ၊ အပြုအမူများ ဖြင့်ဆက်ဆံခြင်းခံခဲ့ရပါသည်။။
ထို့ကြောင့်ကိုမြအေး၏အခြေအနေမှာ အခြားသူများထက်စိတ်ပိုင်းဆိုင်ရာ
ပို၍ထိခိုက်ခဲ့ကြောင်းသိရပါသည်။ ထိုသို့လူမျိုးရေး၊ဘာသာရေးခွဲခြားပြီး
ကမ်းကုန်အောင်ယုတ်မာနေသော စစ်အာဏာရှင်များအား မြန်မာမြေပေါ်မှ အပြီးတိုင်အောင်
မောင်းထုတ်မည့် မြန်မာနိုင့်ငံ၏ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကို မြန်မာနိုင်ငံသား
မွတ်စလင်ညီနောင်များမှ မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်
တိုက်တွန်းလိုက်ပါတယ်။